

Group work in Mangrove Seminar

## ဘိုကလေးမြို့နယ်တွင် ကျင်းပပြုလုပ်ခဲ့သော တိုင်းဒေသကြီးအဆင့် ဒီရေတောဆိုင်ရာလုပ်ငန်း ညှိနှိုင်းအစည်းအဝေးနှင့် နီးနှောဖလှယ်ပွဲ

တိုင်းဒေသကြီးအဆင့် ဒီရေတောဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဘိုကလေးမြို့၌ ၂၀၁၁ခုနှစ်၊ နိုဝင်ဘာလ (၇)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် သစ်တောဦးစီးဌာနမှတာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပါသည်။ ထိုအစည်းအဝေးသည် တိုင်းဒေသကြီးအဆင့်ရှိ သက်ဆိုင်ရာဌာနများ အချင်းချင်း မြစ်ဝကျွန်းပေါ်ဒေသရှိ ဒီရေတောများနှင့်ပတ်သက်သော ပြဿနာများကို အပြန်အလှန်ဆွေးနွေးရန် ရည်ရွယ်လျက် ကျင်းပခြင်းဖြစ်ပါသည်။ တက်ရောက်လာသူများမှ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ လက်ရှိလုပ်ငန်းဆောင်ရွက်မှုများ၊ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာအချင်းအရာများကို တင်ပြဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးကျင်းပပြီးနောက်ရက်တွင် ဒီရေတောဆိုင်ရာ နီးနှောဖလှယ်ပွဲကိုကျင်းပခဲ့ပြီး သစ်တော ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာဌာနများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ နီးနှောဖလှယ်ပွဲတွင် စီမံကိန်းအနေဖြင့် စီမံကိန်းလုပ်ဆောင်ချက်များမှ ရရှိသော အတွေ့အကြုံ/သင်ခန်းစာများကို ရှင်းလင်းပြောပြပြီး တက်ရောက်လာသူများမှ ပိုမိုကောင်းမွန်သော CF /ဒီရေတောစီမံအုပ်ချုပ်လုပ်ကိုင်မှုနှင် ဒေသခံပြည်သူလူထု၏အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ တိုးတက် ကောင်းမွန်လာရေးတို့ကို ဆွေးနွေးခဲ့ကြပါသည်။

စီမံကိန်းအနေဖြင့် CF အစုအဖွဲ့ပိုင်သစ်တောများ၊ ဒီရေတောများ ရေရှည်တည်တံ့စေရန် သက်ဆိုင်ရာကဏ္ဍများနှင့် လက်တွေ့ကျစွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် ဤကဲ့သို့သော ညှိနှိုင်းအစည်းအဝေးများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

## *District level Donors/NGOs Coordination Meetings were conducted at Bogalay and Laputta Townships*

On 22 November and 6 December, 2011, District level Donors/ NGOs Coordination Meetings were conducted at Bogalay and Laputta, respectively, participated by FD counterparts, the relevant department and agencies, and Donors/NGOs working with communities in the Project targeted area,.

In the meetings, participants shared and discussed about their experiences and strategies/approaches related to forestry and community development activities and seek for possible synergies among them. The Project will continue the meeting as gathering for information sharing and seeking further collaborations among relevant donors/ NGOs for activities in the Reserved Forest area.



Discussion among relevant donors/NGOs seeking for synergies

## ဘိုကလေးနှင့် လပွတ္တာမြို့နယ်တို့တွင် ကျင်းပပြုလုပ်ခဲ့သော ခရိုင်အဆင့် အလှူရှင်/NGOများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးပွဲများ

၂၀၁၁ခုနှစ်၊ နိုဝင်ဘာလ (၂၂)ရက်နေ့နှင့် ဒီဇင်ဘာလ (၆)ရက်နေ့တို့တွင် ခရိုင်အဆင့်အလှူရှင်/NGOများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးပွဲများကို ဘိုကလေးမြို့နှင့် လပွတ္တာမြို့တို့တွင် အသီးသီးကျင်းပပြုလုပ်ခဲ့ပြီး သစ်တောဦးစီးဌာနမှတာဝန်ရှိပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် စီမံကိန်းဧရိယာများတွင် ဒေသခံများနှင့်အတူ ပူးပေါင်းဆောင်ရွက်နေကြသော အလှူရှင်/ NGOများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးပွဲများတွင် တက်ရောက်လာသူများမှ သစ်တောလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်သော အတွေ့အကြုံများ၊ မဟာဗျူဟာများ/ ကိုင်တွယ်ဖြေရှင်းသည့် နည်းလမ်းများကို ဆွေးနွေးကြပြီး အချင်းချင်း ပူးပေါင်းညှိနှိုင်း ဆောင်ရွက်နိုင်ရေးအတွက် ဖြစ်နိုင်သည့် နည်းလမ်းများကို ဆွေးနွေးအဖြေရှာခဲ့ကြပါသည်။ စီမံကိန်းအနေဖြင့် သစ်တောကြိုးဝိုင်းများအတွင်းလုပ်ငန်းဆောင်ရွက်မှုများအတွက်အလှူရှင်/ NGO များနှင့်အတူ သတင်းအချက်အလက်များ စုဆောင်းမျှဝေရန်နှင့် ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်ရန်အတွက် ဤကဲ့သို့သော အစည်းအဝေးများကို ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

**MANGROVE FOR ALL ALL FOR MANGROVE**

**အားလုံးအတွက် ဒီရေတော ဒီရေတော အတွက် တို့ အားလုံး**

## *Other Major Activities Conducted this period:*

PCM/IMMP confirmation training: 24-25 November

ARP activities (FY2011 implementation, ARP boundary reconfirmation survey, etc.): June - December

## ဆောင်ရွက်ပြီးစီးခဲ့သည့် အဓိကလုပ်ငန်းများ

PCM/IMMP အတည်ပြုခြင်းသင်တန်း - နိုဝင်ဘာလ ၂၄ရက်မှ ၂၅ရက်နေ့အထိ

သုတေသနစိုက်ခင်းဆိုင်ရာလုပ်ဆောင်ချက်များ(၂၀၁၁ခုနှစ်ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော စိုက်ခင်းများ၊ သုတေသနစိုက်ခင်း နယ်နိမိတ်များအား ပြန်လည်အတည်ပြု တိုင်းတာခြင်း စသည်) - ဇွန်လမှ ဒီဇင်ဘာလအထိ



JANUARY. 2012 (Vol. 1)
PROJECT NEWS LETTER

# Integrated Mangrove Rehabilitation and Management Project through Community Participation in the Ayeyawady Delta

# ဒေသခံပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိဒီရေတောများအား ဘက်စုံပြန်လည်ထူထောင်ရေးနှင့် စီမံအုပ်ချုပ်လုပ်ကိုင်ခြင်းစီမံကိန်း




Group photo at the Regional Mangrove Coordination Meeting held on 7th November, 2011


## *Introduction*

In April 2007, “the Integrated Mangrove Rehabilitation and Management Project through Community Participation in the Ayeyawady Delta Project” (hereinafter referred to as “the Project”) was commenced and has carried on various activities. Up to now, overview of the Project is introduced through a project brochure (English and Myanmar) and English website (http://www.jica.go.jp/project/english/myanmar/0601872/index.html), and progresses of the activities have been updated on the website. In order to further disseminate general project information, the Project decided to publish the Newsletter at quarterly basis. This Project Newsletter (vol. 1) summarizes the progress of the activities which have done from June to December, 2011.

“ဒေသခံပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဒီရေတောများအား ဘက်စုံပြန် လည်ထူထောင်ရေးနှင့် စီမံအုပ်ချုပ်လုပ်ကိုင်ခြင်းစီမံကိန်း”ကို ၂၀၀၇ခုနှစ် ဧပြီလတွင်စတင်ခဲ့ပြီး လုပ်ငန်းဆောင်ရွက်ချက်များစွာကို အကောင်အထည်ဖော် ခဲ့ပါသည်။ စီမံကိန်းအကျဉ်းချုပ်ကို လက်ကမ်းစာစောင် (အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့်)နှင့် အင်္ဂလိပ်ဝက်ဘ်စာမျက်နှာ (http://www.jica.go.jp/project/english/myanmar/0601872/index.html) တို့တွင် ဖော်ပြထားပြီး၊ လုပ်ငန်းတိုးတက်မှု နောက်ဆုံး အခြေအနေများကို စဉ်ဆက်မပြတ်ဖော်ပြထားပါသည်။ စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များကို ပိုမို ပြည့်စုံစွာဖြန့်ဝေနိုင်ရန် အတွက် စီမံကိန်းအနေဖြင့် သတင်းစာစောင်ငယ်များကို (၃)လတစ်ကြိမ်ထုတ်ဝေနိုင်ရန် စီစဉ်ထားပါသည်။

ဤသတင်းစာစောင်ငယ် (အတွဲ ၁)တွင် ၂၀၁၁ခုနှစ် ဇွန်လမှ ဒီဇင်ဘာလအစပိုင်းအထိ ပြုလုပ်ခဲ့သော လုပ်ငန်းတိုးတက်မှုအခြေအနေကို အကျဉ်းချုပ်ဖော်ပြထားပါသည်။

## Summary of Project Framework




Based on PDM version 2 approved in 5th JCC Meeting (14th July, 2011)

## *PDM2 was approved at the 5th JCC*

Through the mid-term review of the Project conducted during February and March 2011, restructuring of the Project was suggested. As the result, activities of four original Outputs were reorganized and various recovery activities from Cyclone Nargis (May, 2008) were consolidated as the fifth Output (Output X) in addition to the existing four Outputs. Including this modification, the Project Design Matrix version 1 (PDM1) was modified as PDM2 and approved in 5th Joint Coordination Committee (JCC) meeting held on 14 July, 2011. The summary of the reorganized Outputs and the Project Framework described in the PDM2 are indicated in the first page of the news letter.

## *(၅)ကြိမ်မြောက် JCC အစည်းအဝေးတွင် အတည်ပြုခဲ့သော စီမံကိန်းဒီဇိုင်းကွန်ယက် -၂*

စီမံကိန်းကာလလယ် ဆန်းစစ်သုံးသပ်ခြင်းအား ၂၀၁၁ခုနှစ် ဖေဖော်ဝါရီလမှ မတ်လအတွင်းဆောင်ရွက်ခဲ့ပြီး ၎င်းဆန်းစစ်သည့်အဖွဲ့မှ စီမံကိန်းအား ပြန်လည်ပြင်ဆင်ဖွဲ့စည်းရန် အကြံပြုခဲ့ပါသည်။ ထိုသို့ပြန်လည်ဖွဲ့စည်းရာတွင် စီမံကိန်း၏ မူလအကျိုးရလဒ်(၄)ခုမှ လုပ်ဆောင်ချက်အချို့ကို ပြန်လည်ပြင်ဆင်ခဲ့ပြီး နာဂစ် (၂၀၀၈ခုနှစ် မေလ)ပြန်လည်ထူထောင်ရေးနှင့် ပတ်သက်သောလုပ်ငန်း အမျိုးမျိုးကို (၅)ခုမြောက် ထပ်တိုးအကျိုးရလဒ် (X) အဖြစ် စုစည်းထည့်သွင်းခဲ့ပါသည်။ ယင်းပြင်ဆင်ချက်အပါအဝင် စီမံကိန်းဒီဇိုင်းကွန်ယက် (Project Design Matrix) PDM-1ကို PDM-2 အဖြစ် ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့ပြီး ၂၀၁၁ခုနှစ် ဇူလိုင်လတွင် ကျင်းပပြုလုပ်ခဲ့သော (၅)ကြိမ်မြောက် JCC (Joint Coordination Committee)တွင် အတည်ပြုခဲ့ပါသည်။ PDM-2 တွင်ဖော်ပြထားသော ပြန်လည်ပြင်ဆင်ထားသည့် အကျိုးရလဒ်များနှင့် စီမံကိန်းဖွဲ့စည်းမှုအကျဉ်းချုပ်မှာ တစ်ဘက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

## *CF Management Plan/CFUSG confirmation workshops is being held in 6 CF target villages*



CFUSG Workshop in Thar Yar Kone village

CF User Groups (CFUSGs) in the re-selected targeted 6 villages are expected to prepare CF Management Plan and get CF certificate from the Forest Department (FD). During April to May 2011, the CF Management Plans of these 6 CFUSGs were updated. However, in most of the CFUSGs, the contents of the Management Plans was not fully understood/shared even among the Management Committee (MC) members of the CFUSG, and/or information included in the Management Plans were out of dated. Therefore, in order to finalize more practical Management Plans and to prepare CFUSG by-laws, series of CF Management Plan/CFUSG confirmation workshops (CFUSG workshops) have been carried on in each target village. The series of the workshop were started from July and currently in process of 5th workshop as of December, 2011.



CFUSG Workshop in Kwa Kwa Ka Lay village

## *စီမံကိန်းကျေးရွာ (၆)ရွာတွင် ပြုလုပ်ခဲ့သည့် အသုံးပြုသူများ အဖွဲ့အတည်ပြုခြင်းနှင့် CF အုပ်ချုပ်လုပ်ကိုင်မှု စီမံချက် ရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ*



CFUSG Workshop in Nyaung Ta Pin village

ပြန်လည်ရွေးချယ်ထားသော စီမံကိန်းကျေးရွာ (၆)ရွာမှ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအသုံးပြုသူအဖွဲ့များ (CFUSGs) သည် သစ်တောဦးစီးဌာနမှ CF တည်ထောင်သူလက်မှတ်များ ရရှိရန် ရည်ရွယ်လျှက် စီမံချက်များကို ပြန်လည်ပြင်ဆင်ရေးဆွဲရန် ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၁၁ခုနှစ် ဧပြီလမှ မေလအတွင်းတွင် CF အသုံးပြုသူအဖွဲ့များ (၆) ဖွဲ့ ၏ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်များကို လက်ရှိအခြေအနေများနှင့်အညီ ပြန်လည်ရေးဆွဲခဲ့ပါသည်။ သို့သော်လည်း စီမံချက်ပါ အကြောင်းအရာများကို စီမံအုပ်ချုပ်မှုကော်မတီဝင်များပင်လျှင် အပြည့်အဝ နားမလည်ခြင်း၊ အသုံးပြုသူများ အဖွဲ့ဝင်များအချင်းချင်း အပြန်အလှန် ဆွေးနွေးမှုအားနည်းခြင်းတို့အပြင် စီမံချက်ပါအချက်အလက်များမှာလည်း လက်ရှိအခြေအနေနှင့် ကိုက်ညီခြင်းမရှိတော့ပါ။ ထို့ကြောင့်ပိုမိုလက်တွေ့ကျသော စီမံချက်များကို အပြီးသတ်ရေးဆွဲနိုင်စေရန်နှင့် အသုံးပြုသူများအဖွဲ့ ၏ စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲပြင်ဆင်နိုင်စေရန်အတွက် စီမံကိန်းကျေးရွာတိုင်းတွင် အသုံးပြုသူများအဖွဲ့မှ အတည်ပြုသော အုပ်ချုပ်လုပ်ကိုင်မှုစီမံချက် ရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို စဉ်ဆက်မပြတ်ပြုလုပ်ခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲများကို ၂၀၁၁ခုနှစ် ဇူလိုင်လတွင်စတင်ပြုလုပ်ခဲ့ပြီး ၂၀၁၁ခုနှစ် ဒီဇင်ဘာလတွင် (၅)ကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲများကို ပြုလုပ်ခဲ့ပါသည်။



## *Residential Meetings for CF-SOP and ARP were conducted at CFDTC*



Group work in ARP Residential Meeting

In August, 2011, Residential Meetings for CF-SOP (Standardized Operational Procedure) and ARP (Action Research Plantation), participated by field-level FD counterparts, were conducted using facilities of Central Forestry Development and Training Centre (CFDTC; constructed by Japanese Grant Aid Scheme).

In the ARP Residential Meeting (3-5 August), the participants shared experiences gained from ARP activities and confirmed/discussed about practical techniques. Results of this meeting will be reflected into "Technical Guideline" and "Technical Report" as outputs.

On the other hand, in the CF-SOP Residential Meeting (24-26August), the participants reconfirmed roles and responsibility of field level Mangrove CF Taskforce (MCFT), required activities and resources, issues and problems, and training needs among concerned field level stakeholders, and results of this meeting will contribute to the further preparation of training programs and CF-SOP.

## *CFDTC တွင် ပြုလုပ်ခဲ့သော CF လုပ်ထုံးလုပ်နည်းများနှင့် ဒေသခံပြည်သူများ ပါဝင်သည့် သုတေသန စိုက်ခင်းဆိုင်ရာ အစည်းအဝေးပွဲများ*

စီမံကိန်းသည် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လတွင် ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာန (CFDTC) ၌ စီမံကိန်းနယ်မြေမှ တာဝန်ခံသစ်တောဝန်ထမ်းများ နှင့်အတူ " CF လုပ်ထုံးလုပ်နည်းများ (CF-SOP)"နှင့် "သုတေသနစိုက်ခင်းဆိုင်ရာ (ARP) " အစည်းအဝေးများကို ကျင်းပပြုလုပ်ခဲ့ပါသည်။

၂၀၁၁ ခုနှစ် ဩဂုတ်လ ၃ ရက်မှ ၅ ရက်အထိ ကျင်းပပြုလုပ်သော သုတေသနစိုက်ခင်းဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်လာသူများသည် သုတေသနစိုက်ခင်းလုပ်ငန်းများမှ ရရှိလာသော အတွေ့အကြုံများကို အပြန်အလှန် ဆွေးနွေးခဲ့ကြပြီး လက်တွေ့ကျသော နည်းပညာများကို အတည်ပြုခဲ့ကြပါသည်။ ထိုဆွေးနွေးပွဲမှ ရရှိလာသော ဆွေးနွေးဆုံးဖြတ်ချက် ရလဒ်များကို "နည်းပညာဆိုင်ရာ လမ်းညွှန်ချက်များ" နှင့် "နည်းပညာဆိုင်ရာ အစီရင်ခံစာ" တို့တွင် ထည့်သွင်း ဖော်ပြသွားမည် ဖြစ်ပါသည်။

၂၀၁၁ ခုနှစ် ဩဂုတ်လ ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပပြုလုပ်သော CF လုပ်ထုံးလုပ်နည်းများဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်လာသူများသည် CF လုပ်ငန်း ကွင်းဆင်းဆောင်ရွက်နေသော အဖွဲ့ ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ၊ ဆောင်ရွက်ရန် လုပ်ငန်းများနှင့် လိုအပ်ချက်များ၊ ပြဿနာများ၊ စီမံကိန်းနှင့်ဆက်နွယ်သော သူများအတွက် လိုအပ်သော သင်တန်းများ၊ ဆွေးနွေးပွဲရလဒ်များကို ပြန်လည်အတည်ပြုခဲ့ကြပါသည်။ အဆိုပါဆွေးနွေးပွဲရလဒ်များကို နောင်တွင်ပြုလုပ်မည့် သင်တန်းများနှင့် CF လုပ်ထုံးလုပ်နည်းများတွင် ထည့်သွင်းပြင်ဆင်ရန် အကြံပြုသွားမည်ဖြစ်ပါသည်။

## *Regional Mangrove Coordination Meeting and Mangrove Seminar were conducted at Bogalay Township*

On 7 November, 2011, Regional Mangrove Coordination Meeting, was conducted at Bogalay Township, participated by the Minister of the Ministry of Environmental Conservation and Forestry (MOECAF), FD counterparts, and relevant departments and agencies. The meeting was aimed to share/discuss about underlying issues in the delta mangrove area among relevant departments in Regional level. Participants shared their current activities and realizing issues in the Ayeyawady Delta.

The following day of the meeting, Mangrove Seminar, participated by FD counterparts and relevant departments and NGOs, was conducted. In the seminar, the Project shared experiences/ lessons learnt from the Project activities to participants and then participants discussed about better CF/ mangrove management and livelihood improvement of communities.

The project will continue these kinds of opportunities to gather relevant sectors in order to seek for a practical synergy among the sectors for the sustainable CF and mangrove management.




Opening speech of Union Minister U Win Tun, MOECAF



Participants of the Regional Mangrove Coordination Meeting